ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်

စာအမှတ်၊အီးအိုင်အေ-၂/သတ္တု(၁၂၀၆ /၂၀၁၉)
ရက် စွဲ ၊ ၂၀၁၉ ခုနှစ် ဇွန်လ ၁၈ ရက်

သို့

အုပ်ချုပ်မှုဒါရိုက်တာ
နဂါးနှစ်ကောင်ကုမ္ပဏီလီမိတက်
အမှတ် (၁၇)၊ ဈေးတန်းလေးလမ်း၊ (၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်အရှေ့ပိုင်း
၀၉-၅၂၅၀၆၆၈

အကြောင်းအရာ။ နဂါးနှစ်ကောင်ကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊ တာကြန့်ကျေးရွာအုပ်စုဒေသတွင် မြေဧရိယာ(၁၅.၅) ဧက ကျယ်ဝန်းသော (SEMU-8) ရွှေသတ္တုလုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Enviromental Management Plan – EMP) ကို အတည်ပြုပြန်ကြားခြင်း

ရည် ညွှန်း ချက် ။

(၁) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၃-၅-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၈၄၇/ရွှေဖက်စပ် (နဂါးနှစ်ကောင်-EMP) / ၂၀၁၈
(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၂-၁၁-၂၀၁၈ ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၂/သတ္တု (၁၇၁၃/ ၂၀၁၈)
(၃) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၂၅-၁-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၂၂၂/ရွှေဖက်စပ်(နဂါးနှစ်ကောင်)/၁၉
(၄) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၃-၆-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၄၉၁/ရွှေဖက်စပ်(နဂါးနှစ်ကောင်)/၂၀၁၉
(၅) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၂-၃-၂၀၁၉ ရက်စွဲပါစာအမှတ်၊ (သစ်တော)၃(၂)/၁၆(ဃ)(၁၂၁၀/၂၀၁၉)

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ နဂါးနှစ်ကောင်ကုမ္ပဏီမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊ တာကြန့်ကျေးရွာအုပ်စုဒေသရှိ (၁၅.၅) ဧက ကျယ်ဝန်းသော ရွှေသတ္တုလုပ်ကွက် (SEMU-8)၊ မြေပုံအညွှန်း(၁၀၂စီ/၁၁) (၅၉၇၇၈၆၊ ၅၉၉၇၈၆၊ ၆၀၀၇၈၃၊ ၅၉၇၇၈၃) တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ရေးဆွဲထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan- EMP) ကို ...

မှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်း(၁)ပါစာဖြင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ပေးပို့လာခြင်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်သုံးသပ်ပြီး၊ ရည်ညွှန်း(၂)ပါစာဖြင့် အကြောင်းပြန်ကြားခဲ့ပါသည်။ အဆိုပါ သဘောထားမှတ်ချက် ပြန်ကြားခဲ့ခြင်းအပေါ် ပြင်ဆင်ဖြည့်စွက်ထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ တစ်ဆင့် ရည်ညွှန်း(၃)နှင့် (၄)ပါစာများဖြင့် တင်ပြလာခြင်းဖြစ်ပါသည်။

၂။ ရည်ညွှန်း(၃)ပါစာဖြင့် နဂါးနှစ်ကောင်ကုမ္ပဏီလီမိတက်မှ တင်ပြလာသည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်(EMP)အပေါ် အတည်ပြုပြန်ကြားခွင့်ပြုပါရန် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခဲ့ရာ ပြန်ကြားခွင့်ပြုကြောင်း ရည်ညွှန်း(၅)ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၃။ အတည်ပြုထုတ်ပြန်ထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ထိခိုက်မှုလျှော့ချရေးလုပ်ငန်းစဉ်များနှင့် အတည်ပြုကြောင်းစာပါ အလေးထားလိုက်နာရမည့်အချက်များအပေါ် တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိပါက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ(ဂ)၊ ဒဏ်ကြေးငွေများနှင့်အခြားစီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများပါ ပြဌာန်းချက်အရ အောက်ဖော်ပြပါ ဒဏ်ကြေးငွေများနှင့် အခြားစီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဤလုပ်ထုံးလုပ်နည်းအရ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူခြင်းခံရပြီးဖြစ်သော စီမံကိန်းလုပ်ငန်းများအား ဆက်လက်၍ ဤလုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေပုဒ်မ ၃၂ နှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်သည့်အပြင် လိုအပ်သလို အရေးယူဆောင်ရွက်ရန် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားရမည်ဖြစ်ကြောင်း အပိုဒ် (၁၃၁)တွင် ပြဌာန်းထားရှိပါသည်-

(က) ဝန်ကြီးဌာနက သတ်မှတ်သည့်ကာလအတွင်း တင်သွင်းရမည့်အစီရင်ခံစာကို စီမံကိန်းအဆိုပြုသူက အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းသို့မဟုတ် နှောင့်နှေးကြန့်ကြာနေခြင်းအတွက် ဒဏ်ကြေးငွေချမှတ်ပေးဆောင်ရန် အပိုဒ်(၁)တွင် ပြဌာန်းထားရှိပါသည်။

(ခ) ဝန်ကြီးဌာန သို့မဟုတ် ကိုယ်စားလှယ်ထံသို့ လိုအပ်သော သတင်းအချက်အလက်များ ပေးပို့တင်ပြရန် ပျက်ကွက်ခြင်းအတွက် အတည်ပြုအစီရင်ခံစာအား ရပ်ဆိုင်းခြင်း၊ သဘောတူညီချက်များ ဖျက်သိမ်းခြင်းနှင့် ပြစ်မှုဆိုင်ရာ အရေးယူ ဆောင်ရွက်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း အပိုဒ်(၄)တွင် ပြဌာန်းထားရှိပါသည်။

(ဂ) ဝန်ကြီးဌာနက ထုတ်ပေးသည့် လိုက်နာဆောင်ရွက်ရန် သတိပေးစာ သို့မဟုတ် ရပ်ဆိုင်းရန် သတိပေးစာတို့ကို ချိုးဖောက်ခြင်းအတွက် အတည်ပြုအစီရင်ခံစာအား ရပ်ဆိုင်းခြင်း၊ သဘောတူညီချက်အား ဖျက်သိမ်းခြင်းနှင့် ပြစ်မှုဆိုင်ရာ အရေးယူ ဆောင်ရွက်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း အပိုဒ်(၇)တွင် ပြဌာန်းထားရှိပါသည်။

(ဃ) တည်ဆောက်ဆဲကာလ EMP သို့မဟုတ် လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလအတွက် EMP အရ ဆောင်ရွက်မှုများကြောင့် ပတ်ဝန်းကျင်၊ လူမှုရေး၊ အများပြည်သူ ကျန်းမာရေးနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်း သို့မဟုတ် အိုးအိမ်၊ စည်းစိမ်ကို ခြိမ်းခြောက်သော ဖြစ်စဉ်ဖြစ်ရပ်များကို အဆင့်အလိုက် ကာကွယ်တားဆီးရန် ပျက်ကွက်ခြင်းအတွက် ဒဏ်ကြေးငွေချမှတ်ပေးဆောင်ရန် သို့မဟုတ်

အတည်ပြုအစီရင်ခံစာအား ရုပ်သိမ်းခြင်း၊ သဘောတူညီချက်အား ဖျက်သိမ်းခြင်းနှင့် ပြစ်မှုဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း အပိုဒ်(၉) တွင် ပြဋ္ဌာန်းထားရှိပါသည်။

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် အခိုးအငွေ့ထုတ်လွှတ်မှု ကန့်သတ်ချက်ပမာဏ ခွင့်ပြုချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် ဒဏ်ကြေးငွေ ချမှတ်ပေးဆောင်ရန် သို့မဟုတ် အတည်ပြုအစီရင်ခံစာအား ရုပ်သိမ်းခြင်း၊ သဘောတူညီချက်အား ဖျက်သိမ်းခြင်းနှင့် ပြစ်မှုဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း အပိုဒ်(၁၀)တွင် ပြဋ္ဌာန်းထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ နဂါးနှစ်ကောင်ကုမ္ပဏီမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊ တာကြန့်ကျေးရွာအုပ်စုဒေသရှိ (၁၅.၅) ကေကျယ်ဝန်းသော ရွှေသတ္တုလုပ်ကွက် (SEMU-8) တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို အတည်ပြုပါကြောင်းနှင့် အောက်ဖော်ပြပါအချက်များအား အလေးထား လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း အကြောင်းကြားပါသည်-

(က) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်သူကိုယ်တိုင်ဖြစ်စေ၊ စီမံကိန်း ကိုယ်စားလုပ်ငန်းဆောင်ရွက်သော သို့မဟုတ် စီမံကိန်းဆောင်ရွက်သူက ခန့်အပ်၊ ငှားရမ်း၊ လုပ်ပိုင်ခွင့်ပေးအပ်ထားသော ကန်ထရိုက်တာများ၊ လက်ခွဲကန်ထရိုက်တာများ၊ အရာရှိများ၊ (လုပ်သား) ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများနှင့် အကြံပေးပုဂ္ဂိုလ်များကဖြစ်စေ ပြုလုပ်သော သို့မဟုတ် ပျက်ကွက်သော လုပ်ငန်းများအားလုံးအတွက်လည်းကောင်း၊ ဆိုးကျိုးထိခိုက်မှုအားလုံးအတွက်လည်းကောင်း စီမံကိန်းဆောင်ရွက်သူက ဥပဒေကြောင်းအရနှင့် ငွေရေးကြေးရေးအရ အပြည့်အဝတာဝန်ယူဆောင်ရွက်ရန်၊

(ခ) အစီရင်ခံစာ၏ စာမျက်နှာ(၂၃)မှ(၂၉)ထိ ဖော်ပြထားသောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်သွားရန်၊

(ဂ) အမှုန်အမွှားများထွက်ရှိမှုနှင့် ဆူညံသံနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဃ) စွန့်ပစ်ရေ၊ စွန့်ထုတ်အရည်၊ မိလ္လာရေနှင့် စီးဆင်းရေများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(င) အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးနှင့် အမှိုက်ပုံများအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(စ) ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ္တုတွင်းဥပဒေ၊ ပုဒ်မ (၁၃)၊ သတ္တုတွင်းနည်း ဥပဒေများ၊ နည်းဥပဒေ(၁၄၇-ဃ)၊(၁၇၀-ဂ)၊ (၁၇၄)၊ (၁၇၆)၊ (၁၇၇)၊ (၁၇၈)၊ (၁၈၀)၊ (၁၈၄-ခ)တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဆ) အစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသော ကန်ထရိုက်တာနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေး အစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန်၊

(ဇ) အစီရင်ခံစာ၏ စာမျက်နှာ( ၄၇ မှ ၅၉)ထိတွင် ဖော်ပြထားသော ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်များနှင့် နောက်ဆက်တွဲဇယား (၁မှ၄)ပါ အတိုင်း အလေးထားလိုက်နာဆောင်ရွက်ရန်၊

(ဈ) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရန်နှင့် ဆူညံသံတိုင်းတာသည့် အချိန်ကာလအား အမျိုးသားပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါအတိုင်း တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(ည) အပေါ်ယံမြေလွှာ၊ စွန့်ပစ်မြေစာ၊ မြေစာပုံများစသည့် စွန့်ပစ်ပစ္စည်းစုပုံမည့်နေရာရွေးချယ်ခြင်း၊ ဘေးအန္တရာယ်ရှိသည့် စွန့်ပစ်ပစ္စည်းများ(ဥပမာ- အက်စစ်ရေစီးဆင်းမှု၊ အဆိပ်သင့်မြေစာပုံများ)နှင့် သတ္တုတွင်းပိတ်သိမ်းခြင်း လုပ်ငန်းစဉ်ဖြစ်သည့် စွန့်ပစ်မြေစာများ ရေရှည်တည်ငြိမ်စေရေး၊ ပြိုကျမှုမရှိစေရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးတို့ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဋ) သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေ၊ ပုဒ်မ(၁၆)၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ (၁၅၃)၊ (၁၅၄)ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရန်၊

(ဌ) စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်နှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(ဍ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကာကွယ်ရေးကို အလေးထားဆောင်ရွက်ရန်နှင့် လုပ်သားများအတွက် အကာအကွယ်ပစ္စည်းများ၊ နေထိုင်မှုစံချိန်စံညွှန်းများ၊ လုပ်ငန်းခွင်အခြေအနေ စသည်တို့အတွက် သက်ဆိုင်ရာဌာနများနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် လုပ်သားများအား လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်းများ၊ သင်တန်းများပို့ချရန်၊

(ဎ) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(ဏ) သဘာဝဘေးအန္တရာယ်များနှင့် မတော်တဆမှုများကို ဖြေရှင်းနိုင်ရန်အတွက် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အရေးပေါ်အခြေအနေတုံ့ပြန်ရေးနှင့် စီမံခန့်ခွဲရေး စီမံချက်တစ်ခုကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(တ) အောက်ဖော်ပြပါ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအပြင် အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော (သို့မဟုတ်) ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း (သို့မဟုတ်) ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခုထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုဖြစ်ပေါ်ခြင်း။

(ထ) အစီရင်ခံစာ၏ စာမျက်နှာ(၆၉)မှ (၇၂)ထိ ဖော်ပြထားသော စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်မည့်အစီအစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်၊

(ဒ) စောင့်ကြပ်ကြည့်ရှုမည့် နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လတစ်ကြိမ်တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်နှင့် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အများပြည်သူဖတ်ရှု/ သိရှိနိုင်ရန် ရယူနိုင်မည့်နည်းလမ်း (ကုမ္ပဏီ Website/ အခြားနည်းလမ်း)တို့ကို ပြန်လည်တင်ပြရန်၊

(ဓ) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို (EMP)တွင် ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာတွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိရန်၊ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများအား ပိတ်သိမ်းရန်စီစဉ်ထားသည့် အချိန်မတိုင်မီ (၆)လအလိုတွင် ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးနောက်အဆင့်များအတွက် စီမံချက်တစ်ရပ်ကို တင်ပြဆောင်ရွက်ရန်၊

(န) သတ္တုတွင်းပိတ်သိမ်းခြင်းကို သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ (၁၈၅၊ ၁၈၆၊ ၁၉၂၊ ၁၉၃)နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေ ထူထောင်ထားရန်၊

(ပ) စက်မှုဝန်ကြီးဌာန၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းအန္တရာယ်မှ တားဆီး ကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည့် ရွှေသတ္တုထုတ်လုပ်သန့်စင် ရာတွင် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့် ညွှန်ကြားချက်နှင့်အညီ အောက်ပါအချက်များကို အလေးထား လိုက်နာဆောင်ရွက်ရန် –

(၁) ပြဒါး(Mercury)သုံးစွဲ၍ ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းကြောင့် သတ္တုတွင်းလုပ်သားများ၊ အနီးပတ်ဝန်းကျင် လူမှုစီးပွား ထိခိုက်မှုမရှိစေရေး နှင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(၂) ပြဒါး (Mercury) သုံးစွဲ၍ ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းကြောင့် ထိခိုက်မှုမရှိစေရေးအတွက် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေးကို ပုံမှန် စစ်ဆေးပေးခြင်း (Periodic Medical Examination)နှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို စောင့်ကြည့်လေ့လာခြင်း (Monitoring of Environmental Pollution) တို့ကို ပြုလုပ်ရန်၊

(၃) အလုပ်လုပ်ကိုင်သူများအား ပြဒါး(Mercury) ဓာတုပစ္စည်းများနှင့် စပ်လျဉ်း၍ မတော်တဆဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုပ်ငန်းခွင် အတွင်း ဘေးအန္တရာယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းစနစ်များ၊ လုံခြုံရေး ကိရိယာများ တပ်ဆင်သုံးစွဲခြင်းနှင့် သင့်လျော်ကောင်းမွန်သည့် ကိုယ်ခန္ဓာ ကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများကို ထုတ်ပေး၍ အမြဲတစေ စနစ်တကျ ဝတ်ဆင်သုံးစွဲလုပ်ကိုင် ဆောင်ရွက်စေရန်၊

(၄) လုပ်ငန်းခွင်သို့မဝင်ရောက်မီ လုပ်သားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် လုပ်ငန်းမလည်ပတ်မီ အနီးပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု၌ ပြဒါး (Mercury) ပါဝင်မှု တိုင်းတာခြင်းတို့ကို ဆောင်ရွက်၍ မူလအချက်အလက် (Base line data) အဖြစ် မှတ်တမ်းထားရှိခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ စောင့်ကြပ် ကြည့်ရှုရေးအစီအစဉ်များအတိုင်း ဆောင်ရွက်ရန်၊

(၅) ပြဒါး(Mercury) ဓာတုပစ္စည်းများ ထုပ်ပိုးသည့် Packing အပေါ်တွင် အဆိပ် ဟူသည့် စာတန်းနှင့်အန္တရာယ်သတိပေး ရုပ်ပုံအမှတ်အသားတံဆိပ်များကို ထင်ရှားမြင်သာစွာ ရေးသားဖော်ပြရန်၊

(ဖ) ပြဒါး (Mercury) ဓာတုပစ္စည်းများကို သုံးစွဲရာမှ ထွက်ရှိလာသော ရေဆိုးများနှင့် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင် အန္တရာယ်ကင်းရှင်းစေရန် စည်ပင်သာယာရေး ကော်မတီများမှ ပြဋ္ဌာန်းထားသော ရေပေးဝေရေးနှင့် အညစ်အကြေးသန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ထုတ်ပြန်ထားသည့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြား ချက်များ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက် များ၊ သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများမှ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဗ) အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan– EMP) ကို အများပြည်သူ ဖတ်ရှု/သိရှိနိုင်ရေး ကုမ္ပဏီ website/ သင့်တော်သည့်နည်းလမ်းကို့တွင် လွှင့်တင်ထားရှိရန်၊

(လှမောင်သိန်း)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှမ်းပြည်နယ်
ရုံးလက်ခံ၊ မျှောစာတွဲ